**၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၁ ရက် နှင့် ၁၂ ရက်နေ့ ၌ ဘားအံမြို့တွင် အဖွဲ့အစည်းပေါင်းစုံနှင့်ကျင်းပပြုလုပ်သော ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်အကြံပြု ဆွေးနွေးပွဲ အနှစ်ချုပ်**

**၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၁ ရက် နှင့် ၁၂ ရက်နေ့ တွင်** ကမ္ဘာ့ဘဏ်အုပ်စု မြန်မာ၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်ဆိုင်ရာ အကြံပြုဆွေးနွေးပွဲများ၏ တစ်စိတ်တစ်ပိုင်းအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ စနစ်တကျ လေ့လာဆန်းစစ်မှု (Systematic Country Diagnostic) မှ ထွက်ပေါ်လာသည့် ဦးစားပေး ကဏ္ဍများကို တင်ပြနိုင်ရန်အတွက် လည်းကောင်း ဘားအံမြို့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အကြံပြုဆွေးနွေးပွဲ တစ်ရပ် ပြုလုပ်ခဲ့သည်။ တက်ရောက်လာကြသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများအား ပူးတွဲ ဖော်ပြအပ်ပါသည်။

အကြံပြုဆွေးနွေးမှုများမှရရှိလာသော ဆွေးနွေးမှုများနှင့် အကြံပြုချက်များ၏အနှစ်ချုပ်အား စုစည်းဖော်ပြအပ်ပါသည်။ ကမ္ဘာ့ဘဏ်အုပ်စု၏လုပ်ဆောင်မှုများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု၊ နိုင်ငံရေးအကူးအပြောင်းကာလ ညင်သာမှုရှိခြင်း၊ ပြည်သူ့ဝန် ဆောင်မှုကဏ္ဍ စွမ်းဆောင်ရည်မြှင့်မားရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာကဏ္ဍ စီမံ အုပ်ချုပ်မှုကို တိုးတက်အောင်ပြုလုပ်ခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက် ရေး၊ ကျန်းမာရေးနှင့်ပညာရေး၊ လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး။

ဩဂုတ်လ ၁၁ ရက်နေ့ ဆွေးနွေးမှုများသည် မြန်မာနိုင်ငံတစ်ခုလုံးအတွက် ဆွေးနွေးမှုဖြစ်ပြီး၊ ဩဂုတ်လ ၁၂ ရက်နေ့ဆွေးနွေးမှုသည် ကရင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှုဖြစ်သည်။

***မှတ်ချက်။ ။ လက်သည်းကွင်းတွင်ဖော်ပြထားသော (၃)၊ (၆) စသည်တို့သည် အကြောင်းအရာတစ်ခုအား ပုဂ္ဂိုလ်အသီးသီးမှ အကြံပြုဆွေးနွေးပွဲအတွင်း ဆွေးနွေးခဲ့သည့် အကြိမ်အားဖော်ပြထားခြင်းဖြစ်သည်။***

**<u>ဩဂုတ်လ ၁၁ ရက်နေ့ဆွေးနွေးမှုအနှစ်ချုပ်</u>**

**ကမ္ဘာ့ဘဏ်အုပ်စု၏ လုပ်ဆောင်မှုများနှင့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု**

ကမ္ဘာ့ဘဏ်အုပ်စု၏ Safeguard Policy ကို မြန်မာဘာသာသို့ပြန်ဆိုပေးပါက ပြည်သူများပိုမိုသိရှိပြီး ကမ္ဘာ့ဘဏ်ကိုအကူအညီ ပေးနိုင်ပေမည်။ ကရင်လူမျိုး ၈၀ ရာခိုင်နှုန်းသည် မြန်မာစကားနားလည်ကြသည်။

**နိုင်ငံရေးအကူးအပြောင်းကာလညင်သာမှုရှိခြင်း**

- နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ်ကို အကူအညီပေးသင့်သည်။
- အစိုးရအား စွမ်းဆောင်ရည်မြှင့်တင်ပေးသင့်သည်။ (၃) အထူးသဖြင့် မူဝါဒရေးဆွဲခြင်း၊ ညှိနှိုင်းခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုပေးခြင်း ကိုအကူအညီပေးသင့်သည်။
- ကောင်းမွန်ထိရောက်သော ဘဏ်စနစ်တစ်ခု ပေါ်ပေါက်လာစေရန်အကူအညီပေးသင့်သည်။

**စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး**

စိုက်ပျိုးရေးလုပ်ငန်း ဝင်ငွေတိုးတက်စေရန် ကမ္ဘာ့ဘဏ်အုပ်စုမှ နည်းပညာအကူအညီ နှင့်ငွေကြေးအကူအညီများပေး သင့်သည်။ (၆)

- စိုက်ပျိုးရေးထွက်ကုန်များတိုးမြှင့်ထုတ်လုပ်ခြင်း (၂)
- အဆင့်မီ ထွက်ကုန်များတိုးမြှင့်ထုတ်လုပ်ခြင်း (၂)
- အဆင့်မီ သွင်းအားစုများ တိုးမြှင့်ရရှိရေး (၂)
- စိုက်ပျိုးရေးဈေးကွက်တည်ငြိမ်မှုရှိရေး
- လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူပြောင်းရာတွင်အကူအညီများပေးရန်
- လယ်သမားအခွင့်အရေးကိုကာကွယ်သော ဥပဒေကို ပြုပြင်ပြောင်းလဲရာတွင်ကူညီရန်

မြေယာကဏ္ဍစီမံအုပ်ချုပ်မှုကို တိုးတက်အောင်ပြုလုပ်ခြင်း

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် မြေယာကဏ္ဍစီမံအုပ်ချုပ်မှုကို တိုးတက်အောင်ပြုလုပ်ရာတွင် အကူအညီ ပေးသင့်သည်။
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် မြေယာကဏ္ဍစီမံအုပ်ချုပ်မှုကို တိုးတက်အောင်ပြုလုပ်ရာတွင် မူဂါဒရေးရာ အခက်အခဲများ ရှိနေသောကြောင့် ပါဝင်ကူညီခြင်းမပြုသင့်ပေ။

**ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက် ရေး**
SME များဖွံ့ဖြိုးလာရန်အကူအညီပေးသင့်သည်။ သို့သော် FDI ကိုအားမပေးသင့်သေးပါ။

**ကျန်းမာရေးနှင့် ပညာရေး**
ကျန်းမာရေးနှင့် ပညာရေးသည် လူသားအားလုံး၏အခြေခံလိုအပ်ချက်ဖြစ်သောကြောင့် ဦးစားပေးကူညီသင့်သည်။ (၃)

- ပညာရေးအခြေခံအဆောက်အအုံများ၊ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုများ (၂)
- ဆရာများအတွက်အခြားကူညီထောက်ပံ့မှုများ
- စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း အထူးသဖြင့် အလွတ်ကျက်/ဖြေစာမေးပွဲစနစ်ပြင်ဆင်ခြင်း
- ကျောင်းပြီးပါက လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ခွင့်ရနိုင်သော ပညာရေးကိုဖန်တီးပေးရန်
- အခမဲ့ကျန်းမာရေးဝန်ဆောင်မှုများ ပေါ်ပေါက်လာစေရန် အကူအညီများပေးသင့်သည်။

***လျှပ်စစ်***
- လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းကိုအကူအညီပေးသင့်သည်။ (၃) အဘယ်ကြောင့်ဆိုသော် လျှပ်စစ်သည် စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အရေးပါသောကြောင့်ဖြစ်သည်။
- ပဋိပက္ခဖြစ်ပွားနေသော တိုင်းရင်းသားဒေသများတွင် ရေအားလျှပ်စစ် မလုပ်သင့်ပါ။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ မပြီးသေးသောကြောင့် တင်းမာမှုများ၊ အငြင်းပွားမှုများပေါ်ပေါက်လာနိုင်ပါသည်။

**သယ်ယူပို့ဆောင်ရေး**
အစိုးရက အကောင်အထည်ဖော်ရန်ခက်ခဲသော ဒေသများတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ကမ္ဘာ့ဘဏ်မှ အကူအညီပေးသင့်သည်။

## ဩဂုတ်လ ၁၂ ရက်နေ့ဆွေးနွေးမှုအနှစ်ချုပ်

**ကမ္ဘာ့ဘဏ်အုပ်စု၏ လုပ်ဆောင်မှုများနှင့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု**

ကမ္ဘာ့ဘဏ်အနေဖြင့် Secondary Data များအား မြို့နယ်၊ ပြည်နယ် နှင့် တိုင်းဒေသကြီး စီမံရေးရာတွင် တောင်းယူရရှိနိုင်သော်လည်း Livelihood နှင့် Food security အတွက်ကိုမူ အောက်ခြေအထိတိုက်ရိုက်ဆင်းပြီး ဆန်းစစ်မှုပြုလုပ်ရန် လိုအပ်သည်။

ရောဂတီမြစ်ကို ကာကွယ်သကဲ့သို့ သံလွင်မြစ်ကိုလည်းအကာအကွယ်ပေးစေချင်ပါသည်။

ကရင်လူမျိုးများသည် ကိုယ့်အားကိုယ်ကိုးရန်လိုအပ်သည်။ ကရင်ပြည်သူ ၇၀ ရာခိုင်နှုန်းသည် အစိုးရကို အယုံအကြည် မရှိပါ။

**ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ စွမ်းဆောင်ရည်မြှင့်မားရေး**

ပြည်သူ့ဝန်ဆောင်မှုတိုးတက်ရေးအတွက် အစိုးရဝန်ထမ်းများအား ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ပေါ်ပေါက်လာစေရန် နှင့် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အကူအညီပေးသင့်သည်။ (၂)

စိုက်ပျိုးရေးကဏ္ဍတွင် ဝေးလံခေါင်ဖျားသောဒေသများသို့သွားရောက်ရန် အစိုးရဂန်ထမ်းမလုံလောက်မှုကို ကမ္ဘာ့ဘဏ်အုပ်စုမှ အကူအညီပေးသင့်သည်။

**ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက် ရေး**

ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် စျေးကွက်လေ့လာမှုများပြုလုပ်သင့်ပြီး ဒေသထွက်ကုန်ကြမ်းများအား ကုန်ချောဖြစ်အောင် နည်းပညာအကူအညီပေးသင့်သည်။

မြို့နယ်တစ်မြို့နယ်စီအတွက် ထွက်ကုန်တစ်မျိုးထုတ်လုပ်ရောင်းချနိုင်ရန် ချေးငွေများ၊ နည်းပညာအကူအညီများပေး သင့်သည်။

**IFC အနေဖြင့် ဘားအံမြို့တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် အကူအညီပေးသင့်သည်။ (၂) သံလွင်မြစ် ဆိပ်ကမ်းတိုးချဲ့ရန် အကူအညီပေးသင့်သည်။**

ပုဂ္ဂလိကက*ဏ္ဍ*တိုးတက်ရန်နှင့် အလုပ်အကိုင်များဖန်တီးပေးရန်လိုအပ်သည်။ လူငယ်အများစုမှာ အလုပ်အကိုင်မရှိသောကြောင့် အလုပ်ရှာရန်နေရပ်ကိုစွန့်ခွာနေကြရသည်။

**စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး**
ဒေသနှင့် သင့်လျော်မည့် စိုက်ပျိုးရေးနည်းပညာများထောက်ပံ့ကူညီသင့်သည်။ ရာသီစိုက်ပျိုးရေးတိုးတက်ရန် အကူအညီပေးသင့်သည်။

**ကျန်းမာရေးနှင့် ပညာရေး**
အမျိုးသမီးများ၊ လူငယ်များနှင့် ကျေးလက်ပြည်သူများအတွက် စွမ်းဆောင်ရည်မြင့်တင်ရေးအစီအစဉ်များ ကူညီသင့်သည်။ (ဥပမာ- စက်ချုပ်သင်တန်း၊ စပါးစိုက်ပျိုးရေးသင်တန်း၊ ဒူရင်းသီး သိုလှောင်ရေးသင်တန်းများ စသည်)

**လျှပ်စစ်**
စက်မှုဖွံ့ဖြိုးတိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ကောင်းမွန်ရန် လျှပ်စစ်တိုးမြှင့်သုံးစွဲနိုင်ရန် ကူညီသင့်သည်။

**သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး**
ကရင်ပြည်နယ်တွင် သယ်ယူပို့ဆောင်ရေးစနစ်တိုးတက်ကောင်းမွန်စေရန် အကူအညီပေးသင့်သည်။

**ဩဂုတ်လ ၁၁ ရက်နေ့တက်ရောက်သည့် ပုဂ္ဂိုလ်များစာရင်း**

| **အမည်** | **အဖွဲ့အစည်း** |
|---|---|
| ဦးစောထားလုံ | ပြည်ခိုင်ဖြိုး |
| ဦးဝင်းတင့် | ပြည်ခိုင်ဖြိုး |
| ဒေါက်တာသန်းနိုင် | လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း |
| ဤပုဂ္ဂိုလ်သည် အမည်ဖော်ပြရန်ဆန္ဒမရှိပါ။ | |
| ဦးခွန်အောင်ကွတ် | ပအိုဝ့်အမျိုးသားအဖွဲ့ချုပ် |
| ဦးမောင်ဦး | ပအိုဝ့်အမျိုးသားအဖွဲ့ချုပ် |
| တေဇာလင်း | IOM |
| စောကောင်းထက်စံ | မီးသတ်တပ်ဖွဲ့ |
| စောလင်းလှိုင် | P.S.D.P |
| စဘိကရင်ဦး | P.S.D.P |
| စောကျော်စွာ | K.A.C |

| | |
|---|---|
| ချိုချိုမြင့် | UNHCR |
| ဦးမြင့်လင်း | ပညာရေး |
| မြတ်မြတ်ဝင်း | LWF Kayin |
| ဇော်ဇော်ထိုက် | LWF Kayin |
| စောဟန်စိုး | KSD |
| စောစေးထူး | ရော်ဘာလုပ်ငန်း |
| ချမ်းသာ | NRC |
| မောင်မောင်ထွဏ် | IRC |
| ဦးသိန်းအောင် | RC - 63 |
| နိုင်ချစ်သဲ | Mon National Party |
| နိုင်အောင်စိန် | Mon National Party |
| စောမြင့်ကြည် | Save the children |
| နန်းနှင်းနှင်းဝေ | KSDDP |
| နန်းမြအေး | KSDDP |
| ဂျွန်အောင် | IDM |
| မြတ်သူနိုင် | JICA |
| ဦးမောင်ညွှန့် | မီးသတ်တပ်ဖွဲ့ |
| စောစံမြင့် | Special Branch |
| ဦးမန်းစံမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ဦးစောသန်းထွဏ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |

**ဩဂုတ်လ ၁၂ ရက်နေ့တက်ရောက်သည့် ပုဂ္ဂိုလ်များစာရင်း**

| အမည် | အဖွဲ့အစည်း |
|---|---|
| ဦးစောထားလုံ | ပြည်နိုင်ဖြိုး |
| ဦးဝင်းတင့် | ပြည်နိုင်ဖြိုး |
| ဒေါက်တာသန်းနိုင် | လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း |
| ဦးခင်မောင်မြင့် | CDA |
| ဦးခွန်အောင်ကွတ် | ပအိုဝ့်အမျိုးသားအဖွဲ့ချုပ် |
| ဦးမောင်ဦး | ပအိုဝ့်အမျိုးသားအဖွဲ့ချုပ် |
| စောကောင်းထက်စံ | မီးသတ်တပ်ဖွဲ့ |
| စောကျော်စွာ | Karen Affairs Comette |
| ချိုချိုမြင့် | UNHCR |
| တေဇာလင်း | IOM |
| မြတ်မြတ်ဝင်း | LWF Kayin |
| ဇော်ဇော်ထိုက် | LWF Kayin |
| စောဟန်စိုး | KSD / စက်မှုကိုယ်စားလှယ် |
| စောစေးထူး | ရော်ဘာလုပ်ငန်း |
| မောင်မောင်ထွဏ် | IRC |
| နန်းနှင်းနှင်းဝေ | KSDDP |
| နန်းမြအေး | KSDDP |
| ဂျွန်အောင် | IDM |
| ဦးမောင်ညွှန့် | မီးသတ်တပ်ဖွဲ့ |
| ဦးမန်းစံမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |

| | |
|---|---|
| ဦးဝင်းတင့် | ပညာရေး |
| ဦးဖိုးဝါး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ဦးစိုးသိန်း | Kayin CCI |